# ပထမတန်းစား နိုင်ငံ
# ပထမတန်းစား စိတ်ဓာတ်

မောင်ဝံသ



# မောင်ဝံသ၏ အမှာ

ကျွန်တော်ရေးတဲ့ စာမူ ပထမဆုံးပုံနှိပ်ဖော်ပြခြင်းခံခဲ့ရတဲ့အချိန် ၁၉၅၉ ကနေစထွက်ရင် ၂၀၀၉ ခုမှာ ကျွန်တော့် စာရေးသက် နှစ် ၅၀ ပြည့်ခဲ့ပါတယ်။ စာရေးသက် ကာလ တစ်လျှောက် မဂ္ဂဇင်းဂျာနယ်ဆောင်းပါးတွေ၊ သတင်းစာဆောင်းပါးတွေ လုံးချင်းစာအုပ်တွေ မိမိနိုင်သလောက် ရေးခဲ့ပါတယ်။ ၁၉၆၉-၇၂ မှာ ပုဂ္ဂလိက ဂျာနယ်အချို့ တစ်ခေတ်ဆန်းခဲ့သေးတယ်။ အဲဒီ တုန်းက ကျွန်တော်က တစ်ဖက်မှာ အစိုးရသတင်းစာ အယ်ဒီတာ လုပ်နေပြီး တစ်ဖက်ကလည်း အိုးဝေ၊ ရွှေတူ၊ ရှုဒေါင့်၊ သတင်းဂျာနယ်၊ မှန်ပြောင်း ဂျာနယ်စတဲ့ ပုဂ္ဂလိကဂျာနယ်တွေမှာ ဝင်ရေးခဲ့တယ်။ အစိုးရသတင်းစာမှာ ရေးရတာ ထက် ပိုပြီးလွတ်လပ်တယ်လို့ ခံစားမိပါတယ်။ ဂျာနယ် သို့ မဟုတ် အပတ်စဉ်ထုတ် သတင်းစာလုပ်ငန်းကို အဲဒီ ကတည်းက စိတ်ဝင်စားခဲ့ပါတယ်။

၂၀၀၅ မှာ ကျွန်တော် အသက် ၆၀ ပြည့်ခဲ့ပါတယ်။ အဲဒီ အချိန်ကာလ ပတ်ဝန်းကျင်ဟာ မြန်မာနိုင်ငံမှာ အပတ်စဉ်ထုတ် သတင်းဂျာနယ်တွေ အရှိန်ရလာချိန်ဖြစ်ပါတယ်။ ကျွန်တော်အပါ အဝင် ကလောင်ရှင်တော်တော်များ ဟာ ဂျာနယ်တွေမှာ ဖြန့်ပြီး ပျော်ပျော်ပါးပါး ပါဝင်ရေးသားခဲ့ကြပါ တယ်။ ၂၀၀၅ လောက်ကျတော့ နိုင်ငံရေးဆောင်းပါတွေ စ ရေးဖြစ်တယ်။ ဓာမဦချ တောတိုးသလို တိုးယူရတာ ပါ။ နောင်အခါ စာနယ်ဇင်းသမိုင်း ဖြစ်ပေါ်တိုးတက်မှု ကိုသုတေသန ပြုသူတွေက အဲဒီ အချိန်ကာလတစ်ပိုက် ဖြစ်စဉ်လေးတွေကို ဖော်ထုတ်ကြရင် စိတ်ဝင်စားစရာ ကောင်းပါလိမ့် မယ်။

ပေါ်ပြူလာနယူးစ်ဂျာနယ် မထွက်သေးခင် မူလ ပေါ်ပြူလာ ဂျာနယ်မှာ "ဝိုင်းအမ်ဘီအေ ရာပြည့်ချိန်" အကြောင်း စရေးရာက နိုင်ငံရေးဆောင်းပါးတွေ ဆက်ရေးဖြစ်တယ်။ "နိုင်ငံရေ သမားဋီကာ" "နိုင်ငံရေးသမားကောင်း ဖြစ်မြောက်ရေးစတဲ့ ဆောင်းပါးတွေ၊ နိုင်ငံရေးနှင့် ပတ်သက်ပြီးရေးတာတွေကို စာပေစိစစ်ရေးကလည်း ချိန်ချိန်ဆဆနဲ့ ပေးလိုက် မပေးလိုက်။ သည်လိုနဲ့ပဲ ကျွန်တော်တို့တောတိုး ခဲ့ကြရတာ ကို အခုပြန်ကြည့်မိတော့ စိတ်မောစရာလိုလို၊ ပျော်ပျော်စရာလိုလို။ ဟံသာဝတီ ဦးဝင်းတင်ရေးတဲ့

ဆောင်းပါးတစ်ပုဒ် ခေါင်းစဉ် "ခေတ်ပြောင်းနာ" ဆိုတာကိုသတိရမိပါသည်။

နောက်ပိုင်းမှာ တော့ နိုင်ငံရေးနဲ့ စပ်ဆိုင်တဲ့ ဆောင်းပါးတွေကိုပဲ ဦးစားပေးရေးဖြစ်လာပါ တယ်။ ကျွန်တော့်ဆီက ဆောင်းပါးတောင်းတဲ့ ဂျာနယ်တွေကလည်း နိုင်ငံရေး (အထူးသဖြင့် ပြည်တွင်းနိုင်ငံရေး) ဆောင်းပါးဆိုရင်ပိုသဘောကျတယ်။ သည်လိုနဲ့ပဲ အရေအတွက်အားဖြင့် အတော်များများ ကို ရေးဖြစ်ခဲတယ်။ အဲသလို ရေးဖြစ်ခဲ့တာတွေထဲက ရှေ့ပိုင်းက ဆောင်းပါးတွေ ကို "ရှာမှ ရှားတဲ့ နိုင်ငံရေးသမား" ခေါင်းစဉ်နဲ့ ပေါင်းချုပ် တစ်အုပ် (မေ ၂၀၁၀) ထုတ်ခဲ့ပြီးပါပြီ။ ယခု ဒုတိယထပ် စုစည်းထုတ်ဝေခြင်း ဖြစ်ပါတယ်။

ဤစာအုပ်ကို ထုတ်ဝေဖို့ စီစဉ်နေချိန်မှာ မြန်မာနိုင်ငံရေး အခြေအနေဟာ ထူးထူးခြားခြား အပြောင်းအလဲတစ်ခုဆီကို တူရူပြုနေတဲ့ လက္ခဏာတွေမြင်းနေရပါတယ်။ အဲဒီ အပြောင်းအလဲဟာ မြန်မာနိုင်ငံကို သူများ နောက်ကပေးမည် အပြောင်းအလဲဟု မျှော်လင့်လျက် ကျွန်တော်စာအုပ် ခေါင်းစဉ်ကို "ပထမတန်းစားနိုင်ငံ ပထမတန်းစား စိတ်ဓာတ်" ဟူ၍ နိမိတ်ပြေးလိုက်ခြင်း ဖြစ်ပါကြောင်း။

မောင်ဝံသ

၂၃ ဩဂုတ် ၂၀၁၁

maungwuntha@gmail.com

# ပထမတန်းစားနိုင်ငံ ပထမတန်းစားစိတ်ဓာတ်

စင်ကာပူနိုင်ငံကို ပထမကမ္ဘာထဲ ရောက်နေပြီလို့ တင်စား သုံးနှုန်းတာတွေ ဖတ်လိုက်ရ တယ်။ စီးပွားရေးအရတော့ ပထမတန်းစား နိုင်ငံထဲရောက်နေပြီဆိုတာ မငြင်းလိုပါဘူး။ သို့ ပေမယ့် ယဉ်ကျေးမှု အဆင့်အတန်းကတော့ အငြင်းပွားစရာ ရှိနေဦးမယ်ထင်တယ်။

စင်ကာပူနိုင်ငံ The Straits Times သတင်းစာ ၂၃ ဇွန် ၂၀၁၀ နေ့ထုတ်မှာ လူထုအာဘော် အတိုလေးတစ်ပုဒ် ဖတ်လိုက်ရတယ်။ ရေးသူက စင်ကာပူ လူမျိုး တစ်ယောက်ပါ။ သူက ဘတ်စ်ကား မှတ်တိုင်းတစ်ခုမှာ တန်းစီစောင့်နေရင်း ကြုံခဲ့ရတဲ့ မြင်ကွင်းလေးတစ်ခု အကြောင်း ရေးထားတာပါ။

မဟာန့်တားရဲလို့ ရှက်မိသတဲ့

အဖိုးတန်ဝတ်စုံ ဝတ်ထားတဲ့ အသက်ကြီးကြီး စင်ကာပူ အမျိုး သား တစ်ယောက်ဟာ တန်းစီနေတဲ့ ရှေ့က ဖိလစ်ပီနို အမျိုး သမီး (ကလေးငယ်လေးကို ချီပိုးထားသူ) ကို ကျော်ပြီး ရှေ့တိုးသွားတယ်တဲ့။ လူချင်းတွန်းတိုက်မိသွားလို့ အမျိုး သမီးက ပြောတဲ့အခါ အဲဒီ စင်ကာပူ လူကြီးက ဖိလစ်ပီနို အမျိုး သမီးကို ဒေါသတကြီး အော်ကြီးဟစ်ကျယ် ကြိမ်းမောင်းတော့တာပဲတဲ့။ နောက်ဆုံးစကားကတော့ နင့်တို့ အလကား ဒီမှာ လာရှုပ်နေတယ်။ ကိုယ့်တိုင်ပြည်ကိုယ်ပြန်ကြလို့ ပြောတာ ဖြစ်တယ်တဲ့။ ဖိလစ်ပီနို အမျိုး သမီးက ကလေးလေး ချီပြီး တန်းစီတဲ့ထဲက ထွက်သွားရ ရှာတယ်တဲ့။

ပေးစာ ရေးသူက အော်ဟစ်ကြိမ်းမောင်းတဲ့ စင်ကာပူလူကြီးရဲ့ အပြုအမူ ဟာ ယဉ်ကျေးတဲ့ နိုင်ငံကြီးသား မပီသကြောင်း၊ ဖီလစ်ပီနိုတွေကတော့ စင်ကာပူသားတွေအပေါ် အများ ကြီး ခံစား သွားကြမှာ ဖြစ်ကြောင်းရေးပြီး ရိုင်းပြတဲ့ စင်ကာပူသားတွေအတွက် သူက အားနာနေမိပုံကို ဖော်ပြခဲ့တယ်။ နဂုံးချုပ်မှာ သူရေးလိုက်ပုံက ဒသ နဆန်တယ်။ ဘယ်လိုလဲဆိုတော့ “ကျွန်တော် ပိုပြီး စိတ်မကောင်းဖြစ်ရတာ ကတော့ ကလေးလေး ချီထားတဲ့မိန်းမသားတစ်ယောက်ကို အဲဒီ လူကြီး တရားလက်လွှတ် နိုင့်ထက်ကလူ

ပြောဆိုနေတာကို ကျွန်တော် အပါအဝင် မည်သူကမှ ဝင်ရောက် ဟန့်တားခြင်း မပြုခဲ့ကြတာ ဖြစ်တယ်။ ဝင်ရောက် ဟန့်တားဖို့ မဝံ့ရဲခဲ့ကြတာ ဖြစ်တယ်၊ အဲဒီ အတွက် ကျွန်တော်တို့ ရှက်မိပါတယ်" လို့ ရေးထားတာပဲဗျ။

ရှိတော့ ရှိမယ်၊ရှားတယ်

အဲဒီ ပေးစာရှင်ရဲ့ စိတ်ထားလေးကို သဘောကျလွန်းလို့ ကျွန်တော်က စင်ကာပူမှာ အလုပ်လုပ်နေတဲ့ သမီးကို 'ဂျီတော့' ပြောတဲ့အခါ ဒီအကြောင်း ထည့်ပြောလိုက်တယ်။

သမီးက အဲဒီ တော့မှ သူ့အနားမှာ ရှိတဲ့ သတင်းစာကို ပြန်ဖတ်ကြည့်ပြီး ဘယ်လို ပြန်ပြော လဲဆိုတော့ အဲဒီ ပေးစာရေးသူဟာ စလုံးတစ်ယောက် ဖြစ်မယ်လို့ လုံးဝမထင်ဘူးတဲ့။ ကလေးလေး နဲ့ ဖိလစ်ပိနို အမျိုး သမီး ပြန်ပြောလို့ သိရတဲ့ သူတို့လူမျိုး တူ ဖိလစ်ပိနို တစ်ယောက် သော်လည်း ကောင်း၊ အဲဒီ အချိန်က တန်းစီနေတဲ့ထဲမှာ ရှိနေတဲ့ စလုံးမဟုတ်သူ အခြားတစ်ယောက်သော် လည်းကောင်း ဖြစ်ရမယ်လို့ တစ်ထစ်ချ ပြောတယ်။ ဘာကြောင့်လဲဆိုတော့ သမီးရဲ့အတွေ့ အကြုံအရ အဲသလို နိုင်ငံခြားက အလုပ်လာလုပ်သူတွေကို လူလူချင်းစာနာထောက်ထားတဲ့စိတ်နဲ့ ရှုမြင် တဲ့ စလုံးဆိုတာ ရှိတော့ ရှိမယ်၊ အလွန်ရှားတယ်လို့ ပြောနိုင်လို့ပါပဲတဲ့။

စလုံးတွေအတွက်မြင့်လွန်းနေတယ်

သတင်းစာထဲမှာ ပါတဲ့ ပေးစာရေးသူဟာ စင်ကာပူ မဖြစ်နိုင်ဘူးလို့ ကျွန်တော့် သမီးက ယူဆတာက အဲဒီ စာထဲပါတဲ့ အတွေးအခေါ်မျိုး ဟာ စလုံးတွေအတွက် မြင့်လွန်းနေလို့ပါတဲ့။ မိမိရှေ့ မှာ မတော်မတရား ပြောဆိုပြုမူနေတာကို မဟန့်တားပဲ လက်ပိုက်ကြည့်နေရင် အဲသလို ကြည့်နေ သူကလည်း အပြစ်မကင်းဘူးဆိုတဲ့ အယူအဆဟာ တကယ် ယဉ်ကျေးတဲ့ နိုင်ငံကြီးသား စိတ်ဓာတ်၊ လူကြီးလူကောင်းစိတ်ဓာတ် ဖြစ်တယ်လို့ နားလည်းထားကြတာကိုး။

ယဉ်ကျေးရေး လူထု လှုပ်ရှားမှု

လွန်ခဲ့တဲ့ ၁၆နှစ်လောက်က နယူးလိုက်အော့ဖ် မြန်မာ အင်္ဂလိပ် သတင်းစာ (၂၉၊ ၉၊၁၉၉၃) မှာ ပါတဲ့ သတင်းဆောင်းပါးတစ်ခုကို ကျွန်တော်ဘာသာပြန်ခဲ့ဖူးတယ်။ ခေါင်းစဉ်က "စင်ကာပူ သားတွေ ယဉ်ကျေးလာပြီး" တဲ့။ ကျွန်တော့် စာမူဖိုင် ထဲက ပြန်ဖတ်မိတယ်။

အဲဒီ သတင်းဆောင်းပါးအရဆိုရင် စင်ကာပူခေါင်းဆောင်ကြီး လီကွမ်းယူကာ ၁၉၇၉ ခုနှစ် ကစပြီး စင်ကာပူသားတွေ အပြောအဆို အပြုအမူ ယဉ်ကျေးသိမ်မွေ့ရေးကို လူထုလှုပ်ရှားမှု တစ် ရပ်အဖြစ် ပထမဆုံး တိုက်တွန်းဆော်ဩခဲ့တယ်။ ၁၅ နှစ်ကြာမှာ လူထုလှုပ်ရှားမှု အသွင်ဖြင့် အဆက်မပြတ်လှုံ့ဆော် ကြပ်မတ်ဆောင်ရွက်လာပြီးတဲ့အခါ ၁၉၉၄ ခုနှစ်မှာ တော့ အတော်ကလေး ယဉ်ကျေးသိမ်မွေ့လာကြပြီးလို့ လီကွမ်းယူ ကိုယ်တိုင်က စင်ကာပူ စထရိတ်တိုင်းမ် သတင်းစာကို ထုတ်ဖော် ပြောဆိုသတဲ့။

ဘတ်စ်ကားစီးရာမှ၊ အမ်အာရ်တီခေါ် အမြန်ဓာတ်ရထား စီးရာမှာ ၊ ဓာတ်လှေကားထဲ ဝင်ရာမှာ ၊ စားသောက်ခန်းထဲ ဝင်ရာမှာ စသဖြင့် အများ နဲ့သွားလာတဲ့နေရာမှာ တစ်ယောက်နဲ့တစ် ယောက် လုယက်တိုးဝှေ့နေ့ရာဦးကြခြင်းဟာ ပင်ပန်းဆင်းရဲစရာ ဖြစ်တယ်လို့ လီကွမ်းယူက ပြောတယ်။

စိုးရိမ်ကြောင့်ကြလို့ အလုအယက်ဖြစ်

လူတွေရဲ့ အမူအကျင့် ရိုင်းစိုင်း ကြမ်းတမ်းခြင်းဟာ ကီယာဆု အစ်ဇင် (Kiasuism) ဆိုတဲ့ မိမိရရှိမယ့် အခွင့်အရေး လက်လွတ် ဆုံးရှုံးရမည်ကို စိုးရိမ်ကြောင့်ကြမှု စိတ်အစွဲတေမှု ကို ကျော်ဖြတ်ခဲ့ရစဉ်က အဲသလို စိုးရိမ်ကြောင့်ကြမှုစိတ်အစွဲတွေ ရှိခဲ့တယ်။ ဂျပန်ခေတ်နဲ့ စစ်ပြီးခေတ် တစ်လျှောက်လုံး အဲသလို စိုးရိမ်ကြောင့်ကြနေခဲ့ကြရတဲ့ လီကွမ်းယူက ဆိုပါတယ်။

ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ဆက်ဆံတတ်ရေးမှာ ဂျပန်တွေကို အတုယူရမယ်လို့ သူက ညွှန်းဆိုတယ်။

"ပညာပေး လေ့ကျင့်မှု တွေကြောင့် အမူအရာ အပြောအဆို

ယဉ်ကျေးသိမ်မွေ့တဲ့ ဂျပန် လူ့အဖွဲ့အစည်း ပေါ်ထွက်လာတာ ဖြစ်တယ်။ သူတို့မှာ ဦးညွှတ်အလေးပြုတာတောင် ဘယ်လို ကိုယ်နေကိုယ်ထားနဲ့ မှန်မှန်ကန်ကန်အရှိအသေပေးရမည်ဆိုတာတွေကို သင်ကြားလေ့ကျင့်ပေးတဲ့ကျောင်းသားတွေရှိတယ်။ ဒါတွေကို သူ့အလိုလို တက်လာကြတာမဟုတ်ဘူး" လို့ လီကွမ်း ယူက ပြောပါတယ်။

သည်အကြောင်းတွေ ပြန်ဖတ်ရင်း ကိုယ်တိုင်းပြည် ကိုယ့်လူမျိုး တွေနဲ့ နှိုင်းယှဉ်ကြည့်မိ တယ်။ ကျွန်တော်တို့ဆီမှာ လည်း 'ကီယာဆုအစ်ဇင်း' တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်နဲ့ သူထက်ငါဦး အလုအယက်လုပ်ကြတဲ့ အကျင့်ကို ပြည်သူ့နီတိ ပြန်လည်ထွန်းကားအောင် ကြိုး ပမ်းခြင်းဖြင့် ပြုပြင်ကြရမှာ ပါ။ တစ်ချိန်တည်းမှာ စင်ကာပူလိုပဲ ပထမတန်းစား စီးပွားရေး နိုင်ငံဖြစ်လာရင်ဖြင့် ပထမတန်းစားစိတ်ဓာတ်ကိုပါ မွေးလာကြရမှာ ပေါ့ဗျာ။

ကျွန်တော်တို့မှာ ဓာတ်ငွေ့လည်းထွက်၊ ကျွန်းသစ်တွေကလည်းထွက်၊ ရွှေတွင်း ငွေတွင်း ပယင်း ဒုတ္တာ ရတနာတွင်းတွေကလည်း အစီအရီနဲ့ ဘာကြောင့် ပထမတန်းစားနိုင်ငံ မဖြစ်ဘဲ နေမလဲဗျာ။ ဖြစ်ကို ဖြစ်လာရပေမပေါ့။

# ယဉ်ကျေးရည်မွန် ချိုပြုံးရွှင်တဲ့လူမျိုး

အမေရိကန်ပြည်ကို မကြာခင် (ဇန်နဝါရီ ၂၀၁၁) က အလည်လာခဲ့တဲ့ တရုတ်သမ္မတ ဟူကျင်းတောင်ဟာ ဝါရှင်တန် ဒီစီမှာ ကျွန်တော် နေနေတဲ့ နေရာနဲ့ တော်တော်နီးတဲ့ ဟိုတယ် တစ်ခုမှာ တည်းခိုသွားတယ်ဗျ။ ဧည့်သည်တော်ကြီးများ နဲ့ အဖွဲ့အထွက်အဝင်တွေမှာ လုံခြုံရေး တွေ ရှုပ်ရှက်ခတ်နေတာပါပဲ။ သည်ရက်အတွင်း ကျွန်တော်နဲ့ ဆုံမိတဲ့ အမေရိကန် မိတ်ဆွေ တချို့ ကို တရုတ်သမ္မတခရီးနဲ့ ပတ်သက်လို့ စကားစပ်ကြည့်တယ်။ တီးခေါက်ကြည့်တယ်။ သူတို့ သိပ်ပြောချင်ပုံမရဘူးဗျ။ မအီမလည်ကြီးတွေဖြစ်နေတယ်။ ထင်မြင်ချက်ပေးရမှာ ကိုတောင် ဝန်လေးနေကြသလိုလိုဗျ။

ထားပါတော့ဗျာ။ အခုကျွန်တော် ပြောမှာ က တရုတ်ပြည်နဲ့ပတ်သတ်တဲ့ လူမှုရေး သတင်း တစ်ပုဒ် ဖတ်လိုက်ရတာ စိတ်ဝင်စားစရာတွေ့ရလို့ပါ။ ပြီးတော့ မြန်မာနိုင်ငံကိုလာသွားတဲ့ ဧည့်သည် တစ်ယောက်ရေးတဲ့ ဆောင်းပါးနဲ့ ဆက်စပ်စဉ်းစားမိတာလေးတွေရှိလို့ပါ။

သန့်ရှင်းရေးနဲ့ တန်းစီတဲ့အကျင့်

ပြီးခဲ့တဲ့ အပတ်အတွင်းက တရုတ်ပြည်မှာ လူ့ကျင့်ဝတ်ဆိုင်ရာ၊ ယဉ်ကျေး ရည်မွန်မှု ဆိုင်ရာ လေ့ကျင့်ပျိုး ထောင်ပေးဖို့ တိုက်တွန်းတဲ့ သတင်းတစ်ပုဒ် တွေ့လိုက်ရတယ်။ တရုတ်လူမျိုး တွေ သန့်ရှင်းစွာ နေထိုင်ရေး၊ စနစ်တကျ တန်းစီတဲ့အကျင့် လိုက်နာကြရေး၊ ယဉ်ကျေးမှု ရာနဲ့ပြော တတ်ဆိုတတ်ရေး၊ နိုင်ငံခြားသားတွေနဲ့ သင့်တင့်လျောက်ပတ်စွာ ဆက်ဆံတတ်ရေးစတာတွေကို ပညာရေး ဝန်ကြီးဌာနက နှိုးဆော်လိုက်တယ်လို့ ဆိုတယ်။

နှစ်လိုဖွယ်မြန်မာလူမျိုး

ကမ္ဘာနိုင်ငံတကာ လူမျိုး စုံရှိရာမှာ ဖော်ရွေတဲ့လူမျိုး ၊ ယဉ်ကျေးပျူငှာရှိတဲ့လူမျိုး ၊ ဧည့်သည် တွေကို ကူညီတတ်တဲ့ မြန်မာလူမျိုး ပါတယ်။ ဒီရက်အတွင်းဖတ်မိတဲ့ NBC

News ကဆောင်းပါး တစ်ပုဒ်မှာ တောင် မြန်မာပြည်ကို ခဏတစ်ဖြုတ်ရောက်ခဲ့တဲ့ မြန်မာလူမျိုး တွေယောကျ်ား မိန်းမ ကလေးလူကြီး ရဟန်းသံဃာတွေနဲ့ လမ်းဘေးဈေးသည်တွေကအစ လူအများ စုဟာ ချိုပြုံး ရွှင်တဲ့ မျက်နှာတွေနဲ့ အင်မတန် နှစ်လိုဖွယ်ကောင်းတဲ့အကြောင်း ရေးထားတာ ဖတ်လိုက်ရတယ်။ ဆောင်းပါးရှင်က တရုတ်ပြည်မှာ သူနေနေတာပါတဲ့။ တရုတ်တွေ မျက်နှာပေါက်ဆိုးတာနဲ့ ယှဉ်ပြီး မြန်မာတွေ နှစ်လိုဖွယ်ကောင်းတာကို ချီးကျူး ဂုဏ်ပြုထားတယ်ဗျာ။

စင်ကာပူတရုတ် ဟောင်ကောင်တရုတ်

ကျွန်တော် အစပိုင်းမှာ ပြောခဲ့တာကို ပြန်ကောက်ရင် တရုတ်တွေဟာ ယဉ်ကျေးရည်မွန်ဖို့ ကိုတောင် ပျိုး ထောင်ဖို့ လိုနေပုံရတယ်ဗျ။ တရုတ်ပြည်မကြီးကို ကျွန်တော်မရောက်ဖူးလို့ အဲသည် ကလူတွေ ဘယ်လိုနေသလဲ မပြောနိုင်ပေမယ့် စင်ကာပူက တရုတ်တွေနဲ့ ဟောင်ကောင်က တရုတ်တွေနဲ့ မျက်နှာပေါက်လဲ ဆိုး၊ ပြောပေါက် ဆိုပေါက်ကလဲ ဆိုးသဗျာ။

မြန်မာနဲ့ နီးစပ်တဲ့ ဂျပန်နဲ့ အမေရိကန်

နိုင်ငံခြားသားလူမျိုး အတော်များများ နဲ့ ကျွန်တော်ဆက်ဆံဖူးတယ်။ ဂျပန်နဲ့ အမေရိကန် တွေနဲ့ မြန်မာတွေနဲ့ အတော် နီးစပ်မယ်ထင်တယ်။ ဂျပန်တွေ အမေရိကန်တွေနဲ့ မြန်မာတွေနဲ့ အတော် နီးစပ်မယ်ထင်တယ်။ ဂျပန်တွေ အမေရိကန်တွေလဲ မျက်နှာချိုတယ်။ လူတစ်ဖက်သားကို အားနာတတ်တယ်။ ကိုယ့်ကြောင့် လူတစ်ဖက်သား ထိခိုက်သွားမှာ နစ်နာသွားမှာ စိတ်ကသိက အောက်ဖြစ်သွားမှာ စိတ်ကသိကအောက်ဖြစ်သွားမှာ ကို အလွန် စိုးရိမ်တတ်တယ်။ လူချင်းမတော် လို့ ဝင်တိုးမိရင်တောင် ကျွန်တော်/ကျွန်မ အပြစ်ပါ (My Fault) လို့ ဦးသူက အရင်ပြောတတ်ကြ တယ်။ ဘယ်လို ဖြစ်လာတာလဲ၊ မျက်စိမပါဘူးလားလို့ သဟောက်သဟန်း ပြောတာမျိုး မရှိသလောက်ပဲ။ နောက်တစ်ခုက ကားတွေဘယ်လောက် ရှုပ်ရှုပ် ယာဉ်မောင်းတွေဟာ စိတ်ရှည်ကြတယ်၊ ပြတင်းပေါက်က ခေါင်းထုတ်ပြီး ဆဲဟယ် ဆိုဟယ် လုမ်းအော်ဟယ် မလုပ်ကြဘူး။

အမှိုက်ပစ်တာက အစ

တရုတ်တွေ ယဉ်ကျေးရည်မွန်ဖို့ တိုက်တွန်းတဲ့အထဲ သန့်ရှင်းရေးနဲ့ တန်းစီတဲ့ အကျင့် ပါတာ သတိထားမိတယ်။ အဲဒါကတော့ နိုင်ငံကြီးသားပီသမှု မှာ အဓိကကျတဲ့ အချက်တွေပါပဲ။ ဂျပန်တွေ အမေရိကန်တွေဟာ တိုက်တွန်းစရာမလိုဘဲနဲ့ကို သန့်ရှင်းရေးကို ဂရုစိုက်တယ်။ အမှိုက် ပစ်ရာမှာ ပုံးအလိုက်ခွဲထားရင် တစ်ကျော့ပြန်အမှိုက်ဆို သူ့ပုံးနဲ့ သူ၊ စနစ်တကျပစ်တယ်။ ဘယ်သ မှ မြင်တာမှ မဟုတ်ဘဲ၊ ကြုံသလို ပစ်လိုက်မယ် ဆိုတာမျိုး သူတို့စိတ်ထဲမှာ ရှိကိုမရှိတော့ ဘူးထင်ပါရဲ့ဗျာ။

တန်းစီတာလည်းထိုနည်းၾငင်းပဲ။ ဘတ်စ်ကားတက်ရာမှာ ၊ ရထားတက်ရာမှာ ၊ လေယာဉ်တွေ တက်ရာ ဆင်းရာမှာ ပုံမှန်ထက် လူများ လာပြီဆိုရင် တန်းစီကြပါ တန်းစီကြပါလို့ လူတစ်ယောက် က အော်ဟစ်ဆော်ဩနေစရာ မလိုဘူး၊ဘယ်သူကမှ ပြောစရာမလိုပဲနဲ့ကို ရှိနေတဲ့လူတွေက အရင် ရောက်သူတွေနဲ့ နောက်လူတွေ နားလည်မှု ရှိစွာ ၊ သိက္ခာစောင့်သိစွာ တန်းစီပြီးသားဖြစ်နေတယ်ဗျ။ ကျွန်တော် အရမ်းသဘောကျမိတယ်။

စည်းကမ်းပိုင်း အားနည်းတယ်

ကျွန်တော်တို့ လူမျိုး က ချိုပြုံး ရွှင်တဲ့ မျက်နှာတွေနဲ့ ချစ်စရာကောင်းတာတော့ အမှန်ပါ။ ဒါပေမဲ့ စည်းကမ်းပိုင်မှာ တော့ အားနည်းသေးတာလည်း အမှန်ပဲဗျာ။ တစ်ခုတော့ ရှိပါတယ်၊ ရပ်ဝတ္တုလိုအပ်ချက်တွေကြောင့်လည်း ပါမှာ ပေါ့။ သူတို့ဆီမှာ ဘတ်စ်ကာတန်းစီစောင့်ရတယ် ဆိုတာ အလွန်ဆုံး ၁၅မိနစ်၊ မိနစ် ၂၀ ပေါ့ဗျာ။ ကိုယ်ဆီမှာ က ဆူးလေ ဘုရားလမ်းမှတ်တိုင်တွေ သွားကြည့်ပါဦး၊ တစ်နာရီမက စောင့်ကြရတာ ဆိုတော့လဲ သည်းခံနိုင်စွမ်းတွေ ကုန်ခမ်းကုန်တယ် ထင်ပါရဲ့ဗျာ။

ကွမ်းတံတွေး တစ်ပျစ်ပျစ်

ကွမ်းတံတွေး ထွေးတာကတော့ ဘာကြောင့် တန်းမစီနိုင်သလဲ ဆိုတာမျိုး လို ဆင်ခြေပေး စရာမရှိဘူးဗျ။ ကျွန်တော်ဖတ်မိတဲ့ NBC News ဆောင်းပါးထဲမှာ ချစ်စရာကောင်းတဲ့ မြန်မာလူမျိုး အမျိုး သမီးတွေနဲ့ ကလေးလေးတွေ

ပါးပြင်ကသနပ်ခါးပါးကွက်လှလှလေးတွေ အကြောင်းပါလို့ ကြည့်နူးရသလို လူကြီးလူငယ် တော်တော်များများ ကွမ်းတွေစားပြီး လမ်းတွေပေါ်မှာ ကွမ်းတံတွေး တစ်ပျစ်ပျစ် ထွေးကြတာကိုလဲ သူမြင်တဲ့အတိုင်း ရေးထားတာ ဖတ်လိုက်ရတော့ စိတ်မကောင်း ဖြစ်မိတယ်။ ကွမ်းစားချင်စားပါ၊ ကွမ်းတံတွေး တွေ့ကရာထွေးတာကတော့ သန့်ရှင်းမှုမရှိတာရော၊ စည်းကမ်းမဲ့တာရော အမူပေါင်းစုံ ကျူး လွန်တာပဲပေါ့ဗျာ။ သည်နေရာမှာ ကျွန်တော်တို့ မိတ်ဆွေ ကြီး ဦးသာဘန်းပလတ်စတစ်အိတ်ဘေးနဲ့ ကိုယ်ကွမ်းတံတွေး ကိုယ်ဘာသာ သိမ်းဆည်း တဲ့ အကျင့်မျိုး လုပ်ထားတာကို သတိရမိပါသေးတယ်။

သူများ လူမျိုးတွေရဲ့ အားသာချက် အားနည်းချက်တွေကို သုံးသပ်ရင်း ကိုယ့်လူမျိုး ကိုပါ ချစ် မြတ်နိုးစိတ် အရင်ခံလျက် ပြန်လည်းဆန်းစစ်ဆင်ခြင်မိခြင်း ဖြစ်ကြောင်းပါဗျာ။

၂၇ ဇန်နဝါရီ ၂၀၁၁

# လူငယ် နိုင်ငံရေး နှင့် ကိုယ်ကျင့်သီလ

လူငယ်တွေ နိုင်ငံရေးလုပ်ခြင်းနဲ့ ပတ်သက်လို့ ပေါ်ပြူလားနယူးစ် ဂျာနယ်မှာ ဖော်ပြခဲ့တဲ့ ကျွန်တော့်ဆောင်းပါးတစ်ပုဒ်ကို ဖတ်မိတဲ့ ငယ်သူငယ်ချင်း အငြိမ်းစား ကျောင်းအုပ်ဆရာကြီး တစ်ယောက်က ကျွန်တော့်ကို ဖုန်းဆက်လာတယ်။

"လူငယ်တွေ နိုင်ငံရေးလုပ်ရေးထက် ယဉ်ကျေးလိမ်မာရေးကို အရင်ပြောကြစမ်းပါဦး"

လို့စကားချီကာ ခင်ဗျားတို့ ကျွန်တော်တို့ ကြားဖူးနေကျ ယနေ့ခေတ် သက်ကြီးအရွယ် တော်တော်များများ ပြောနေကျ ဆိုနေကျ ခေတ်လူငယ်တွေအပေါ် စိတ်ပျက်လက်ပျက် ရှုမြင်ချက်တွေကို ပြောတော့တာပါပဲ။

ကျွန်တော်က

"ခေတ်လူငယ်တွေအကြောင်း ပြောမယ်ဆိုရင် သိပ်မလောပါနဲ့ဗျာ၊ အတော်သိမ်မွေ့ပါတယ်၊ ဘက်စုံ သုံးသပ်ဖို့တော့ လိုမယ်ထင်တယ်ဗျ" လို့ခပ်ဆိုင်းဆိုင်းကလေး ပြောလိုက်တော့

ဆရာ။ ဘာလဲ။ လူငယ်တွေကို ဆန့်ကျင်တိုက်ခိုက်တယ်ဆိုပြီး ဝေဖန်ခံရမှာ စိုးရိမ်လို့လား။ အဲဒါကိုတော့ ထည့်မစဉ်းစားနဲ့တော့ဗျ။ လူငယ်ပြဿ နာကို ရေးသားကြ၊ ဆွေးနွေးကြတဲ့ အခါတိုင်းမှာ လူငယ်တွေကို အဆိုးမြင်သလို အထင်ခံရမှာ စိုးလို့ စာရေးဆရာတွေက လက်တွန့်နေ တတ်ကြတာတွေ့ရတယ်။ ကျုပ်တို့က တကယ်တမ်းကောင်းစေချင်တဲ့စေတနာနဲ့ ဆွေးနွေးမှာ ဆိုတော့ လိပ်ပြာသန့်ပါတယ်။ ကျုပ်က ကျောင်းဆရာပါဗျ။ တစ်ဖက်သတ်မပြောမိအောင် ဆင်ခြင် တတ်ပါတယ်။

စေတနာသန့်သန့်နဲ့ပဲ ပြောရမယ်ဆိုရင် ဒီနေ့ခေတ် လူငယ်အတော်များများ ဟာ ရည်မှန်းချက် ပန်းတိုင်ရမယ်လို့ မည်မည်ရရမရှိ၊ ကိုယ်ဘယ်လမ်းကို လျှောက်နေတယ် ဆိုတာလည်း ရေရေရာရာမသိဘဲ အချိန်တွေ ကုန်နေကြတယ်လို့ ပြောချင်တယ်ဗျာ"

မောင်ဝံသ။ ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ ဆက်ပြောပါဦး။ ရည်မှန်းချက် ပန်းတိုင် ဆိုတာက.."

ဆရာ။ ရည်မှန်းချက်ပန်းတိုင်ဆိုတာ မိမိဘဝ ရှေ့ရေးဘာဖြစ်ချင်သလဲ၊ တစ်ခုခုဖြစ်အောင် လုပ်ဖို့ ဦးတည်ချက်ထားရှိတာကို ပြောတာပါ။ ကျွန်တော်မေးကြည့်တဲ့ လူငယ်အချို့ ဟာ မင်းဘာလုပ်ချင် သလဲလို့မေးရင်တောင် ချက်ချင်းဖြေဖို့ အဖြေမရှိဘူးဗျ။"

မောင်ဝံသ။ အဲဒါကတော့ ကလေးတွေမှာ ဘဝနဲ့ပတ်သတ်တဲ့ သွန်သင်မှု မရှိခဲ့လို့ပါဗျာ။ အခု မှော် ဘီမှာ ဓမ္မဒူတ အရှင်ဆေကိန္ဒတို့ ကြိုး ပမ်းနေတာ အဲဒီ ကိစ္စပဲဗျ။ ယဉ်ကျေး လိမ္မာရေးလည်းပါတယ်။ ဘဝမှာ နေနည်းတွေနဲ့ အခြေခံလည်းပါတယ်။ မိဖဆရာတွေ ဖိဖိစီးစီး သွန်သင်ရမယ့် အလုပ်ကို ဆရာတော်က စည်းရုံးရေးကောင်းကောင်းနဲ့ လုပ်ပေးနေတာ ကျွန်တော်တော့ အရှင်ဆေကိန္ဒကို သိပ်ကျေးဇူးတင်တယ်ဗျာ"

ဆရာ။ ကျွန်တော်လည်း အရှင်ဆေကိန္ဒလုပ်နေတာတွေကို တန်ဖိုးထားပါတယ်။ ဒါပေမယ့် ဆရာတော် တစ်နှစ် တစ်နှစ် သင်တန်းပေးနိုင်တဲ့ လူငယ်ဘယ်လောက်များ နိုင်မလဲ။ ကျွန်တော်တိုက တစ်ပြည်လုံးမှာ အဲသလိုလေ့ကျင့်ပျိုး ထောင်မှု မျိုး တွေ ရှိစေချင်တာဗျ။

မောင်ဝံသ။ တစ်ပြည်လုံးမှာ တိုးချဲ့နိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။ သို့ ပေမယ့် ဒါမျိုး ဆိုတာက ရန်ပုံငွေအများ ကြီးလိုတယ်။ အလှူရှင်တွေရှိလာပြီးထားဦး။ ရေရှည်တည်တံ့ဖို့လိုသေးတယ်။ ကျွန်တော်တို့ဆီက တချို့ အလှူရှင်တွေကပွဲပြီး မီးသေသမားတွေများ တယ်။ တစ်ချို့ကြ တော့လည်း ဒါမျိုး ကို နိဗ္ဗာန်ရောက်ကြောင်း အလှူ မျိုး မဟုတ်ဘူဆိုပြီး သိပ်မလှူချင်ကြဘူးဗျ။

ဆရာ။ ဘယ့်နှယ် နိဗ္ဗာန်ရောက်ကြောင်းမဟုတ်ဘူးလို့ ပြောနိုင်မလဲ။တရားအလှူ ဆိုတာ အမြတ်ဆုံးပဲလို့ မြတ်စွာ ဘုရားကတောင် ဟောထားတာပဲ။ လူငယ်တွေရဲ့ ဘဝမြှင့်တင်ရေး၊ လိမ်မာ ရေးခြားရှိရေးဆိုတာဓမ္မတာအလှူထဲပါတာပဲဗျ၊ အဲသလို သဘောပေါက်ပြီး လူငယ်စောင့်ရှောက် ရေးဌာနတွေကို လှူနေတန်းနေသူတွေ အများ

ကြီးရှိပါတယ်။

လူငယ်စောင့်ရှောက်ရေးဥပဒေနတွေဆိုလို့ တစ်ခု သတိပေးရဦးမယ်။ မိဖမဲ့ ကလေးဘယ်နှစ် ယောက်ကို စောင့်ရှောက်ထားပါတယ်၊ ဘယ်မြို့ ဘယ်ရွာကပါဆိုပြီး ရန်ကုန်မြို့ ထဲမှာ လာလာပြီး အလှူခံနေတာတွေရှိတယ်။ အစစ်တွေရှိသလို အတုတွေ ရိုက်စာတွေလည်း ရှိနေတယ်ဗျ။ အသေးစိတ်မပြောတော့ပါဘူးဗျာ။ အလင်္ကာတွေကို အဆိပ်ပင်ရေးလောင်းသလို လှူမိမှာ စိုးလို့ပါ။ ခင်ဗျာတို့ စာနယ်ဇင်းတွေက ဒါမျိုး တွေကို များများ သတိပေးရေးပေးသင့်တယ်ဗျ။ မသိနား မလည်တဲ့ ပြည်သူတွေရဲ့ ပိုင်ဆံတွေမသမာသူလက်ထဲမရောက်အောင် တတ်နိုင်သမျှတားဆီးရမယ်။

မောင်ဝံသ။ ကျွန်တော်တို့လည်း ရေးနေပြောနေတာပါပဲဗျာ။ တော်ကြာသူများ အလှူကို လိုက်ပိတ်နေတဲ့ ပိတ်တာတွေလို့ အပြောခံရမှာ စိုးလို့သိပ်လည်း မပြောရဲဘူး။ ကဲ ခင်ဗျား ခုနက ပြောလက်စဆက်ပြောပါဦး။

ဆရာ ။ ။ကျွန်တော်ပြောတာက ဓမ္မအလှူရဲ့ မြင့်မြတ်ပုံပါ။ လူငယ်တွေ ကိုယ်ကျင့်သီလမြင့်မား အောင် ပျိုး ထောင်ပေးတဲ့နေရာမှာ ကျွန်တော်တို့ လူကြီးတွေက နိဗ္ဗာန်ရောက်ကြောင်းအလှူလို့ကို သဘောထားပြီး ရန်ပုံငွေတွေ ထည့်သင့်တယ်လို့ တိုက်တွန်းချင်တယ်ဗျာ။

မောင်ဝံသ ။ ။ ခင်ဗျားက ကိုယ်ကျင့်သီလဆိုတဲ့ စကားလုံးကို ပြောသွားလို့ သတိရမိတယ်။ တိုင်ပြည်တိုးတက်ရေးမှာ တိုင်းသူပြည်သားတွေရဲ့ ကိုယ်ကျင့်သီလဟာ အရေးကြီးဆုံးပဲလို့ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက ရေးခဲ့ဖူးတယ်ဗျ၊ အဲဒါကို လူအများ နည်းလည်တဲ့ အသုံးအနှုန်းနဲ့ ဆောင်ပုဒ်လုပ်ပေးခဲ့တယ်လေ။ "စိတ်မကောင်းရှိဖို့ ပထမ" တဲ့။ စိတ်ကောင်းရှိမှ ကောင်းတဲ့အလုပ်လုပ်မှာ ကိုး။ စိတ်ကောင်းမရှိသူတွေ ကျတော့ ဘယ်သူသေသေ ငတေမာရင်ပြီး ရောဆိုတဲ့ စိတ်မျိုး ကိုပဲမွေးတယ်။ အဲသလိုလူမျိုး တွေဟာ မဟုတ်တာ လုပ်ခိုင်းရင်လည်း ဘာမဆိုလုပ်တာပဲ။ မှန်တယ်မှာ းတယ် ဘာမှ ကစဉ်းစားတော့ဘူး။ မစဉ်းစားဆို မှန်သလား မှာ းသလားတောင်ခွဲခြားနိုင်စွမ်းမရှိကြဘူးလေ။ စိတ်ကောင်းရှိသူကတော့ မဟုတ်တာလုပ်ရမှာ ကို သိပ်ကြောက်တယ်။ ဆရာတော်

အရှင်ဆေကိန္ဒကို ကျွန်တော်ကျေးဇူးတင်တာက ဆရာတော်ရဲ့ သင်တန်းတွေဟာ လူငယ်တွေ စိတ်ကောင်းမွေးဖို့ အခြေခံတွေ ပေးနေလို့ပဲဗျ။

ဆရာ။ ။ ကျုပ် ပြောချင်တာလည်း အဲဒါပဲလေ။ ခင်ဗျားတို့က နိုင်ငံရေး နိုင်ငံရေး နိုင်ငံရေးချည်းပဲ အော်နေတယ်။ နိုင်ငံရေးဝင်လုပ်မယ့်လူတွေ ကိုယ်ကျင့်သီလရှိဖို့ လူငယ်ဘဝ ကတည်းက ယဉ်ကျေးလိမ္မာဖို့ ပိုပြီးအရေးမကြီးဘူးလား။ စိတ်ကောင်းမရှိတဲ့လူတွေ နိုင်ငံရေးမှာ လူတွင်ကျယ် ဖြစ်နေရင် တိုင်းပြည်အတွက် အန္တရာယ်ပဲ ဖြစ်မယ် မဟုတ်လားဗျာ။

၂၃ စက်တင်ဘာ ၂၀၁၀

# နိုင်ငံရေးသမားမွေးထုတ်ရေး အယူအဆအချို့

အရည်အချင်းပြည့်မီတဲ့ နိုင်ငံရေးသမားများ ပေါ်ထွန်းဖို့လိုတယ်ဆိုတာကို ဘယ်သူမှ အငြင်းမပွားဘဲ လက်ခံကြတယ်ဆိုတော့ အဲသလို နိုင်ငံရေးသမား လူတော်လူကောင်းတွေ များများ ရရှိအောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို ဆက်စဉ်းစားကြပါတယ်။

အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဌဟောင်း တီအက်စ်ဆက်စဟန် (T.N Seshan)က ပရောဖက်ရှင်နယ် နိုင်ငံရေးသမားများ မွေးထုတ်ဖို့ သင်တန်းကျောင်း တစ်ကျောင်း တည်ထောင်ခဲ့ဖူးတယ်။

[ပရော်ဖက်ရှင်နယ် prorfessional ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို အသက်မွေးဝမ်းကျောင်း ဆိုင်ရာ၊ ကြေးစား၊ ဆုကြေးစား စသည်ဖြင့် မြန်မာပြန်ခဲ့ကြတယ်။ နိုင်ငံရေးသမားနဲ့ တွဲ ဖက်လို့ မရတဲ့ အဓိပ္ပာယ်တွေ ဖြစ်နေတော့ ဘယ်လိုမှ ယူလို့ မဖြစ်ဘူး။ တကယ်က ပရော်ဖက်ရှင်နယ် ဆိုတာ သက်ဆိုက်ရာ အတတ်ပညာ၊ အသိပညာဆိုင်ရာ အပိုင်းမှာ သာမန်လူတွေထက် ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်နိုင်စွမ်းရှိသူ၊ မိမိ ပညာနဲ့ပတ်သက်လို့ အလွဲသုံးစား မလုပ်သူကို ခေါ်တာပါ။]

ဆက်စဟန်က ဟားဗတ်တက္ကသိုလ်က အစိုးရပညာဆိုင်ရာ ဂျွန်အက်ဖ် ကနေဒီကျောင်း (John F.Kennedy School of Government) ကိုအတုယူပြီး သူ့ရဲ့ အိန္ဒိယ ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားသင်တန်းကို မဟာ ရတ္တရစက်မှု တက္ကသိုလ်ရဲ့ ကျောင်းတစ်ကျောင်းအဖြစ် ဖွင့်လှစ် ခဲ့တယ်။

ဆက်စဟန်ဟာ အိန္ဒိယ နိုင်ငံရေးသမားတွေကို ဆရာဝန်တွေ အင်ဂျင်နီယာတွေလိုပဲ ကိုယ့် ပညာနဲ့ ကိုယ်လုပ်စားနိုင်သူ ဖြစ်လာစေချင်တဲ့ စေတနာနဲ့ ကျောင်းဖွင့်ခဲ့တာလို့ ဆိုတယ်။ ကျောင်းဝင်ခွင့် လျှောက်သူဟာအသက် ၃၅ နှစ်အောက်၊ တက္ကသိုလ် ပထမဘွဲ့ တစ်ခုရပြီးသူ ဖြစ်ရ မယ်။ သင်ပေးမဲ့ဘာသာရပ်တွေက နိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေကနေ နိုင်ငံစီးပွားရေး အထိ အစုံပါတယ်။ စာသင်ကာတစ်ပိုင်းလျှင်

လေးလခွဲထားပြီး တစ်နှစ်သင်တန်း ဖြစ်သည်။ သင်တန်းကြေးကလဲ မသက်သာဘူး။ ရှုပီး ၂ ဒသမ ၇၅ သိန်းသတ်မှတ်ထားတယ်။

ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားတွေကို သင်တန်းပေးပြီး မွေးထုတ်ရမယ်ဆိုတဲ့ စိတ်ကူး ဟာ ပလေးတိုး (၄၂၈/၇-၃၄၇ ဘီစီ) က စတင်ခဲ့တာပါ။ ပဘေးတိုးဟာ ၃၈၇ ဘီစီကနေ အကယ်ဒမီဆိုတဲ့ ကျောင်းကိုထားပြီး အတွေးအခေါ် ပညာကို သင်ပေးခဲ့တာပဲ။ အတွေး အခေါ်ပညာဆိုတာ ယနေ့ခေတ် အခေါ် နိုင်ငံရေးပါပဲ။

ပလေတိုးရဲ့စေတနာက သူ့သင်တန်းသားတွေကို ကောင်းမြတ်ခြင်း ဆိုတာဘာလဲ၊ ဆိုးယုတ်ခြင်းဆိုတာဘာလဲ၊ လောကကြီးမှာ အကောင်းတရားတွေ ထွန်းကားအောင် ဘယ်လို ဆောင်ရွက်ကြမလဲဆိုတဲ့ အခြေခံကျင့်ဝတ်တွေ၊ ခံယူချက်တွေကို သင်ကြားပို့ချပေးတာ ဖြစ်တယ်။ တိုင်းပြည်ကိုစီမံခန့်ခွဲရတဲ့ တာဝန်တွေကို ထမ်းဆောင်ရတဲ့အခါ အမြော်အမြင်ရှိရှိ လုပ်တတ်အောင် စိတ်ဓာတ်ရေးရာ ခွန်အားတွေ ပေးလိုက်တာပါ။ ကလိန်ကကျစ်လုပ်နည်းတွေ၊ ညစ်ပတ်နည်းတွေ သူတို့ခေတ်က လုံးဝ မသင်ရပါဘူး။

အိန္ဒိယ ဆရာကြီး ဆက်စဟန်က ဟားဗတ်ကိုနာမူနာယူပေးမယ့်သူ့ကျောင်းဟာ မအောင် မြင်ခဲ့ပါဘူး။ နှစ်နှစ်တောင် မခံဘဲရပ် သွားပါတယ်။ ဟားဗတ်ကျောင်းကတော့ အခုထိဆက် ရှိနေတယ်။ တကယ်တော့ ဟားဗတ်တက္ကသိုလ်ရဲ့ အရှိန်နဲ့ တည်တံ့နေတာပါ။ အမေရိကန်ပြည် တွင်းရော၊ ပြည်ပကကျောင်းသားသစ်တွေကို နှစ်စဉ်လက်ခံတယ်။ အစိုးရပညာကို သင်းပေးတာ ဖြစ်လို့ နိုင်ငံရေးပညာပါပေမဲ့ နိုင်ငံရေးသမားကောင်း မွေးထုတ်ပေးတဲ့ သင်တန်းလို့လဲ မဆိုနိုင်ဘူး။ ပြီးတော့ ပညာရေးဆိုင်ရာဘွဲ့လဲ ပေးတာမို့ မက်လုံးပိုရှိပါတယ်။

စစ်တမ်းတစ်ခု အဆိုအရ ဟားဗာတ်ကျောင်ထွက် ဘုရင်တွေ၊ ဩဇာကြီးနိုင်ငံရေးသမား တွေ ကမ္ဘာ့အနှံ့ ရှိနေပေမဲ့ တိုင်းပြည်အုပ်ချုပ်တဲ့ နေရာမှာ တော်လှချည်ရဲ့လို့ သူတို့ထဲက တစ်ယောက်မှ ပြောလောက်အောင်မထွက်ပါဘူးတဲ့။ သိပ်တော်တာပဲလို့ မပြောနိုင်တာကို ထားဦး၊ သူတို့ထဲက သိပ်ညံ့တဲ့သူတွေတောင်

ရှိနေခဲ့ပါသတဲ့။ သူတို့ သက်ဆိုင်ရာနိုင်ငံတွေမှာ စီမံခန့်ခွဲ အုပ်ချုပ်မှု ညံ့ရုံမကဘူး၊ ဒီမိုကရေစီဆုတ်ယုတ်မှု တွေတော် ရှိခဲ့တယ်လို့ ဆိုတယ်။ ဥပမာအဖြစ် အိန္ဒိယ၊ ကင်ညာ၊ တန်ဇန်နီယ၊ ဖိလစ်ပိုင်နဲ့ လက်တင်အမေရိက နိုင်ငံအချို့က နိုင်ငံရေး ခေါင်းဆောင်တွေကို ထောက်ပြနိုင်ပါသတဲ့။

သည့်တော့ကာ ဆက်စဟန်ရဲ့ အကြံမအောင်တာဟာ အဆန်းမဟုတ်တော့ပါဘူး။ အထူးသဖြင့် ဖွံ့ဖြိုး ဆဲနိုင်ငံတွေက နိုင်ငံရေးသမားတွေ အဓိက ရင်ဆိုင်ရတာ ဟာ နိုင်ငံရေးပြဿ နာ ထက် စီးပွားရေးပြဿ နာတွေက ပိုကြီးမားတယ်။ တိုင်းသူပြည်သားလူများ စုကြီးက ဆင်းရဲတွင်း နက်နေတယ်၊ အလုပ်လက်မဲ့တွေ ထူပြောနေတယ်။ အစိုးရများ ရဲ့ အဂတိလိုက်စားမှု တွေကြောင့် ရင်းနှီးမြှုပ်နှံမှု တွေ စီးမဝင်ဘူးဆိုတဲ့ အခြေအနေမှာ လုပ်ရကိုင်ရ အလွန်ခက်ကြသည်။

အဲဒီ လို အနေအထားမှာ အောင်မြင်တယ်ဆိုတဲ့ နိုင်ငံရေးသမားဟာ ဟားဗတ်ကသင် ပေးတဲ့ အရည်အချင်းမျိုး မဟုတ်တော့ဘူး။ ပွင့်လင်းမြင်သာ၊ တာဝန်သိ တာဝန်ရှိ စိတ်ဓာတ်အခံနဲ့ လုပ်သွားခြင်းဖြင့်သာ လူထုထောက်ခံမှု ကို ရနိုင်ကြပါတယ်။ လူထုအပေါ်က အရှင်သခင်လို နေလို့ကတော့ ဘယ်လိုမှ မဖြစ်ပါဘူး။ (Governments have to be transparent, accountable and responsive to serve the people and not lord over them.)

ဆက်စဟန်က နိုင်ငံရေးသမားတွေကို ဆရာဝန်ပညာ၊ အင်ဂျင်နီယာပညာ သင်သလို သင်လို့ ရနိုင်ကောင်းတယ်လို့ ယုံကြည်ခဲ့တယ်။ ဒါပေမယ့် အဲဒါ လွဲချော်သွားတယ်။ တကယ်က တော့ နိုင်ငံရေးဟာ ပုံသေကားကျ သိပ္ပံပညာ မဟုတ်ပါဘူး။ အုတ်ခ်ရှော့ (Oakeshott) က ဘာနဲ့ ဥပမာပေးလဲ ဆိုတော့ ``နိုင်ငံရေးလုပ်တယ်ဆိုတာ အဆုံးမဆမရှိ အပြောကျယ်တဲ့ ပင်လယ်ပြင် ထဲမှာ ကျောက်ချလောက်အောင်လဲ မမီ၊ ခိုနားစရာ ကမ်းလဲ မမြင်ဘဲ အစမရှိ မဆုံးမရှိ ခရီးနှင်နေရ သလိုပဲ။ ပင်လယ်ပြင်ကြီးဟာ မိတ်ဆွေလည်းဖြစ်၊ ရန်သူလည်းဖြစ်တယ်။ လှိုင်းနဲ့လေနဲ့ကို အသုံးချပြီး ရှေ့တိုးသွားကြရတာ ဖြစ်တယ်´´ (အုတ်ခ်ရှော့ - ၁၉၀၁-၁၉၉၀)ဟာ အင်္ဂလိပ်လူမျိုး ဒသနပညာရှင်၊

နိုင်ငံရေးသဘောတရားဖြစ်ပြီး လစ်ဘရယ်တွေးခေါ်ရှင်တစ်ယောက်အဖြစ် ထင်ရှားခဲ့ပါတယ်။)

မဟတ္တမဂန္ဒီကြီးကို ဂိုခါလီ (Gokhale) က တိုက်တွန်းခဲ့ဖူးတာကိုလည်း လက်တွေ့နိုင်ငံရေး ဥပမာအဖြစ် ပြောင်းလေ့ရှိကြတယ်။ ၁၉၁၅ မှာ ဂန္ဒီကြီး အိန္ဒိယကို ပြန်လာတော့ ဂိုခါလီက ဂန္ဒီကြီး ကို သာမန်ပြည်သူတွေကြားထဲကို သွားပါ။ ပြည်သူတွေနဲ့ နေပါလို့ ပြောခဲ့တယ်တဲ့။ တကယ်ပဲ ဂန္ဒီ ကြီးဟာ သာမန်လူတစ်ယောက်ဘဝအတိုင်းနေထိုင်ခဲ့တာ တစ်ပြည်လုံးရဲ့ အထွတ်အမြတ် ခေါင်းလောင်းကြီး ဖြစ် သွားပါတော့တယ်။ ဂန္ဒီကြီး နေထိုင်သွားပုံဟာ လူထုခေါင်းဆောင်နိုင်ငံရေး သမားဆိုတာ ပြည်သူတွေကို ထွက်ရပ်လမ်းပြတယ်၊ ပြည်သူတွေရှေ့ကနေ တိုက်ပွဲဝင်တယ်ဆိုတဲ့ နမူနာကို ပြသွားတာပဲလို့ ဆိုပါတယ်။

(ဂိုခါလီ-၁၈၆၆-၁၉၁၅ ဟာ အိန္ဒိယကွန်ဂရက်ပါတီကြီးရဲ့ ရှေ့ဦးပိုင်းခေါင်းဆောင်၊ လွတ်လပ်ရေးတိုက်ပွဲခေါင်းဆောင်ကြီး တစ်ယောက်ဖြစ်ပါတယ်)

မည်သို့ ရှိစေ၊ ပလေးတိုးကိုလေ့လာတာ၊ ဟားဗတ် သင်ခန်းစာတွေကို လေ့လာတာ၊ ဆက်စဟန်ရဲ့ သင်ရိုးညွှန်းတမ်းတွေကို လေ့လာတာ၊ ဂန္ဒီကြီးဘဝကိုလေ့လာတာ၊ (ကျွန်တော်တို့ ဆီမှာ ဆို ဗိုလ်ချုပ်အောင်ဆန်းကိုပါ လေ့လာတာပါမယ်) စတာတွေဟာ နိုင်ငံရေးသမားကောင်း ဖြစ်ဖို့ ရည်ရွယ်သူတိုင်းအတွက် လိုအပ်မယ်ထင်ပါတယ်။ ဘာကြောင့်ဆိုတော့ နိုင်ငံရေးသမားတိုင်း ဟာ မွေးရာပါ ပါရမီရှင်မဟုတ်ပါဘူး။ မလေ့လာဘဲနဲ့ အလိုလို မတတ်ကျွမ်းနိုင်ပါဘူး။ အနည်းဆုံး တော့ စံပြနိုင်ငံရေးသမားတွေအကြောင်းကို ရှာဖွေလေ့လာ အတုယူသင့်ကြပါတယ်။

Ref: sushila Ramaswamy, http://static.indianexpress.com

၁၇ နိုဝင်ဘာ ၂၀၁၀

# သမ္မတမိန့်ခွန်းဦးထဲက မှတ်သားမိသမျှ

၃၀ မတ် ၂၀၁၁ နေ့ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးမှာ ပြောကြားတဲ့ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ရဲ့ မိန့်ခွန်းကို ရုပ်သံကနေ ကျွန်တော်တို့ နားထောင်လိုက်ရတယ်။

နိုင်ငံတော်သမ္မတ အသစ်ရဲ့ မိန့်ခွန်းဟာ အစိုးရသစ်ရဲ့ မူဝါဒသဘောထားနဲ့ ရှေ့လုပ်ငန်း စဉ်တွေကို အတော်ပြည့်ပြည့်စုံစုံ ပြောသွားတာ တွေ့ရတယ်။ ခြုံပြီး ပြောရရင် သမ္မတတစ်ယောက် ရဲ့ မိန့်ခွန်းအနေနဲ့ တိုင်းပြည်ကို ပြောသင့် ပြောထိုက်တာတွေကို တင်ပြသွားတယ်လို့ မြင်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေး ဘက်ပေါင်းစုံအတွက် ဆောင်ရွက်သွားမယ့် မူဝါဒနဲ့ လုပ်ငန်းစဉ်တွေ ကို တင်ပြသွားတာပဲ။ ကျွန်တော် သတိထားမိသလောက် ပြောရရင် နိုင်ငံတော်သမ္မတရဲ့ ပထမ ဆုံးမိန့်ခွန်းထဲမှာ ငြိမ်းချမ်းရေးလေသံတွေပါတယ်။ ပျော့ပျောင်းမှု ရှိတယ်။ မကြာသေးခင်ကအထိ ပေါ်လစီဆောင်းပါးတချို့မှာ ပါခဲ့တဲ့ ငါ့စကားနွားရ အသုံးအနှုန်းမျိုးတွေ သမ္မတရဲ့ မိန့်ခွန်းမှာ မတွေ့ရတာ စိတ်ချမ်းသာတယ်။

စတုတ္ထမဏ္ဍိုင် သတင်း မီဒီယာ

နောက်နေ့ သတင်းစာလာတော့ ထပ်ဖတ်ပြီး မှတ်သားသင့်တယ် ထင်တာလေးတွေကို ကျွန်တော် အန်ဒါလိုင်းတားထားပါတယ်။ ပထမဆုံးကိုယ်နဲ့ဆိုင်တာ ပြောရရင်တော့ ဥပဒေပြုအစီ အစဉ် ၁၀ ချက်ထဲမှာ နံပါတ် ၈ အချက်ပေါ့။ ``စတုတ္ထမဏ္ဍို င်ဖြစ်တဲ့ သတင်းမီဒီယာများ နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များ နှင့်အညီခေတ်နဲ့မလျော်ညီတဲ့ စာပေ စာနယ်ဇင်းဆိုင်ရာ ဥပအချို့ကို ပြင်ဆင်ပြဌာန်းခြင်း´´ကို ဆောင်ရွက်သွားမယ်လို့ ပြောသွားတယ်။

သမ္မတက ကျွန်တော်တို့ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်လို့ အတိအကျ သုံးနှုန်းသွား တာကို ကျွန်တော်သတိထားမိတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး သုံးရပ်ပြီးရင် အဲဒီ မဏ္ဍိုင်ကြီး သုံးရပ်စလုံးကို

မျက်ခြေမပြတ်စောင့်ကြည့်ပြီး သူတို့တွေ တိမ်းစောင်း မှု ရှိရင် ရှိသလို ထောက်ပြသတိပေးတဲ့ တာဝန်ကို ထမ်းဆောင်ကြရတဲ့ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်လို့ အသိအမှတ်ပြုကြာ ကောင်းတဲ့လက္ခဏာပဲဗျ။ ခေတ်နဲ့မလျော်ညီတဲ့ စာပေ စာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းမယ်ဆိုတော့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံရဲ့ စံနှုန်း တွေနဲ့ နီးစပ်တဲ့ အနေအထားတစ်ရပ် ပေါ်လာနိုင်တာပေ့ါဗျာ။

ဝန်ထမ်းလစာ အငြိမ်းစားလစာ

နောက်တစ်ခုကတော့ ဥပဒေပြုရေး အစီအစဉ် ၁၀ ချက်ထဲက နံပါတ် ၇ အချက်၊ ဝန်ထမ်းများ နှင့် အငြိမ်းစားဝန်ထမ်းလစာများ ကို အခြေအနေအချိန်အခါအရ ပြင်ဆင်သတ်မှတ် သည့် ဥပဒေကြမ်း ပြဋ္ဌာန်းခြင်းဆိုတာပဲ။ ကျွန်တော်ကိုယ်တိုင်က အငြိမ်းစားဝန်ထမ်းပါ။ ၂၄ နှစ် အစိုးရ သတင်းစာ အယ်ဒီတာလုပ်ခဲ့ပြီး ပြန်တမ်းဝင်အရာရှိအဆင့်က ၁၉၈၈မှာ အငြိမ်းစားဖြစ်ခဲ့ တာ၊ ကျွန်တော့် ပင်စင်လစာက ခြောက်ရာ(၆၀၀) ရတယ်ဗျ။ ဒီတော့ အခြေအနေ အချိန်အခါအရ ပြင်ဆင်သတ်မှတ်မယ်ဆိုတာကို ကြိုဆိုတာပေ့ါဗျာ။

ငြိမ်းချမ်းရေးတံခါး

နိုင်ငံတော်သမ္မတမိန့်ခွန်းထဲက နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာများ ပြောသွားတာကိုလဲ ကျွန်တော် ဂရုတစိုက်ဖတ်ပါတယ်။

နိုင်ငံရေးပိုင်းမှာ “ကျွန်တော်တို့ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီးလက် ကမ်းကြိုဆိုနေမှာ ဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါတယ်” လို့ ပြောသွားတဲ့ အပိုဒ်တစ်ပိုဒ် သတိထားမိတယ်။ တံခါးဖွင့်ထားတယ်ဆိုတာ တံခါးပိတ်လိုက်ပြီလို့ ပြောတာနဲ့ အများ ကြီးကွာ တယ်လို့ အကောင်းဘက်က တွေးလိုက်ပါတယ်။ နိုင်ငံရေးမှာ ထာဝရရန်သူ ထာဝရမိတ်ဆွေ မရှိဘူးဆိုတဲ့ အဆိုအမိန့်ကို ကိုင်ပြီး ပြောရင် တိုင်းပြည်ကောင်းကျိုးအတွက် အမျိုးသား အင်အားစု တွေ ပူးပေါင်း ဆောင်ရွက်နိုင်တဲ့ အနေအထားတွေ မဝေးတော့ဘဲ အချိန်ကာလတစ်ခုမှာ ပေါ်လာနိုင်မယ်လို့

ယူဆပါတယ်။

အမျိုး သား ပြန်လည်ပေါင်းစည်းညီညွတ်ရေး

ကျွန်တော်တို့ မျှော်လင့်ခဲ့တဲ့ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချ ခံနေရသူတွေ လွတ်မြောက် ရေးနဲ့ ပတ်သက်လို့တော့ သမ္မတမိန့်ခွန်းမှာ မတွေ့ရပေမယ့် အမျိုး သား ပြန်လည်ပေါင်းစည်း ညီညွတ်ရေး ဆိုတဲ့ စကားလုံးကို ထည့်ပြောသွားတာတွေ့ရတယ်။

စီးပွားရေးပိုင်မှာ လဲ အစိုးရက အတိုင်းအတာတစ်ရပ်အထိထိန်းသိမ်း ပံ့ပိုးဆောင်ရွက်ပေးတဲ့ ဈေးကွက်စီးပွားရေး စနစ်မျိုး ကို ရည်မှန်းတယ်။ “ဝင်ထိန်းပေးမယ် ဆိုတာလည်း ဈေးကွက်ရဲ့ လွတ်လပ်မှု ကို ထိန်းချုပ်လိုတဲ့ သဘောမျိုး မလိုဘဲ အရင်းရှင်၊ ဓနရှင်ကြီးများ ၊ အခွင့်ထူးခံများ က လက်ဝါးကြီးအုပ် ခြယ်လှယ်တာမျိုး မဖြစ်ရအောင် ထိန်းကျောင်းတည့်မတ်ပေးတာမျိုး ကို ရည်ရွယ် ပါတယ်” လို့ ပြောသွားတာ သဘောကျတယ်ဗျာ။

ခရိုနီ (Cronies) လို့ ခေါ်တဲ့ အာဏာရှိသူတွေနဲ့ ပေါင်းစားနေသူတွေ၊ အခွင့်ထူးခံတွေက စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ခြယ်လှယ်နေတာတွေ နိုင်ငံအတော်များများ မှာ ရှိတယ်။ ကျွန်တော်တို့ဆီမှာ လဲ ရှိနေသလား။ ရှိနေတယ်ဆိုရင် အခု သမ္မတရဲ့ မိန့်ခွန်းအရ အဲဒီ အနေအထားတွေကို ဖယ်ရှားတော့မယ့် သဘောလို့ တွေ့ရတယ်။ ဘယ်လို အကောင်အထည် ဖော်သွားမယ်ဆိုတာ စောင့်ကြည့်ရမှာ ပေါ့ဗျာ။ ကျွန်တော်တို့က စတုတ္ထမဏ္ဍိုင်အနေနဲ့ စောင့်ကြည့်ဖို့ တာဝန်ရှိတယ်လေ။

ကိုင်း ကျွန်တော်ကတော့ ၁၉၈၈ နောက်ပိုင်း ပထမဆုံး ပေါ်ထွန်းလာတဲ့နိုင်ငံတော်သမ္မတ ရဲ့မေးခွန်းကို လေ့လာပြီး စတုတ္ထမဏ္ဍိုင် အလုပ်ကို ဦးဦးဖျားဖျားလုပ်ဆောင်လိုက်ပါပြီ။ ကျွန်တော် တို့ကတော့ ကိုယ်အလုပ်ကို ပျော်ပျော်ကြီး လုပ်နေခွင့် ရနေရင်ပဲ ကျေနပ်နေမှာ ပါဗျာ။

၁ ဧပြီ ၂၀၁၁